# ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

crph.official.mm@gmail.com

**ကြေညာချက် အမှတ် ( ၁၉/၂၀၂၁ )**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

မတ်လ (၃၁)ရက်၊ ၂၀၂၁ခုနှစ်။

## ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် ထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုအတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ၊ အရင်းခံပြဿနာများကို အပြီးသတ်ချုပ်ငြိမ်းစေရန်၊ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး ပူးပေါင်းပါဝင်လက်တွဲနိုင်ရန်၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ထောင်ရန်၊ ပြည်ထောင်စု၏ လူမျိုးများအားလုံး၊ နိုင်ငံသားများအားလုံး လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတခြင်းတို့ကို အခြေခံကာ အပြန်အလှန်အသိအမှတ်ပြုလေးစားမှု ချစ်ကြည်ရိုင်းပင်းမှု၊ သွေးစည်းညီညွတ်မှုတို့ဖြင့် ငြိမ်းချမ်းစွာ အေးအတူ ပူအမျှ အတူတကွယှဉ်တွဲနေထိုင်နိုင်ရန် ခိုင်မာသော သန္နိဋ္ဌာန်ချမှတ်လျက် ဤ **ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်** ( Federal Democracy Charter ) ကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက ယနေ့ ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

၂။ ခေတ္တ ဒုတိယသမ္မတမန်းဝင်းခိုင်သန်း ဦးဆောင်လျက် ခေတ္တ ပြည်ထောင်စုဝန်ကြီးများ ပါဝင်သော ပြည်သူ့အစိုးရအဖွဲ့သည် အမျိုးသားညီညွတ်ရေးအစိုးရ မဖွဲ့စည်းမီ ကာလတွင် နိုင်ငံတော်၏ အုပ်ချုပ်ရေးတာဝန်များကို ဆက်လက် ထမ်းဆောင်သွားမည် ဖြစ်ပါသည်။

၃။ ၂၀၂၀ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပြည်သူက ဒီမိုကရေစီနည်းကျ အပ်နှင်းလိုက်သော အာဏာကို ကိုင်စွဲလျက် ၂၀၂၁ ခုနှစ်၊ ဧပြီလ ပထမပတ်အတွင်း အမျိုးသားညီညွတ်ရေးအစိုးရကို ဖွဲ့စည်းပြီး ဖက်ဒရယ်ဒီမိုကရေစီအင်အားစု အားလုံးနှင့် လက်တွဲကာ ဤ ပဋိညာဉ်ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်များနှင့် နိုင်ငံရေးလမ်းပြမြေပုံ အဆင့်ဆင့်အား စုပေါင်းခေါင်းဆောင်မှု စုပေါင်းအင်အားဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ**

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

crph.official.mm@gmail.com

# ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်

## ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ကြေညာစာတမ်း

၂၀၂၁ ခုနှစ်၊ မတ်လ (၃၁) ရက်

ဤ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ CDM ဦးဆောင်သူများ၊ အထွေထွေသပိတ်အင်အားစုများ၊ အမျိုးသမီးနှင့် လူငယ်အင်အားစုများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ စုပေါင်းဆွေးနွေး ဆုံးဖြတ်လျက် သဘောတူ အတည်ပြုသည်။

# ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်

## အစိတ်အပိုင်း (၁)

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ကြေညာစာတမ်း

၂၀၂၁ ခုနှစ်

# Federal Democracy Charter

## Part - I

Declaration of Federal Democracy Union

2021

# မာတိကာ


နိဒါန်း

အခန်း (၁) ဦးတည်ချက်၊ ရည်ရွယ်ချက်

အခန်း (၂) ပဋိညာဉ်တွင် ပါဝင်သည့်အဖွဲ့အစည်းများ (Members of the Charter)

အခန်း (၃) အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြမြေပုံ

အခန်း (၄) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း

အပိုင်း (၁) ပြည်ထောင်စုမျှော်ရည်ချက်နှင့် စံတန်ဖိုး၊

အပိုင်း (၂) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ

အပိုင်း (၃) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူဝါဒများ

အခန်း (၅) ဝန်ခံကတိပြုချက်

နိဂုံး

# ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်

# Federal Democracy Charter

## နိဒါန်း

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး မျှော်ရည်ချက်ဖြင့် ဤ "ပဋိညာဉ်" အား လက်ခံသဘောတူညီကြသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် ဖော်ပြပါ စံတန်ဖိုးများကို ကိုင်စွဲပြီး အာဏာရှင်စနစ် ပပျောက်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ပေါက်ရေးတို့အတွက် အဆင့်လိုက် ဆောင်ရွက်မည့် နိုင်ငံရေးလမ်းပြမြေပုံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် လမ်းညွှန်အခြေခံမူများ၊ အခြေခံမူဝါဒများဖြင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးကို ကြိုးပမ်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန် ချအပ်ပါသည်။ ပဋိညာဉ်ကို လက်ခံသဘောတူညီကြသူများ၏ စုပေါင်းခေါင်းဆောင်မှုမှတဆင့် စုပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှုများသည် လိုရာပန်းတိုင်သို့ တွန်းပို့ရောက်ရှိနိုင်မည့် စုပေါင်းအင်အားကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ခိုင်မာသော ယုံကြည်ချက်ဖြင့် ဤ ပဋိညာဉ်ကြီးအား အတည်ပြု ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## ဦးတည်ချက်၊ ရည်ရွယ်ချက်

ပြည်ထောင်စုအတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ၊ အရင်းခံပြဿနာများကို အပြီးသတ် ချုပ်ငြိမ်းစေနိုင်ရန်အတွက်လည်းကောင်း၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်လက်တွဲနိုင်ရန်အတွက်လည်းကောင်း၊ ဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတွင် ပြည်ထောင်စုဝင်လူမျိုးများအားလုံး၊ နိုင်ငံသားများအားလုံး လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတခြင်းတို့ကို အခြေခံကာ အပြန်အလှန် အသိအမှတ်ပြုလေးစားမှု၊ ချစ်ကြည်ရင်းပင်းမှု၊ သွေးစည်းညီညွတ်မှုတို့ကို တည်ဆောက်ပြီး ငြိမ်းချမ်းစွာ အေးအတူပူအမျှ အတူတကွယှဉ်တွဲနေထိုင်နိုင်သော သာယာဝပြောသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအား တည်ဆောက်ရန်လည်းကောင်း အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်သွားရန် ရည်ရွယ်သည်။

၁။ အာဏာရှင်စနစ် ပပျောက်ရေး၊

၂။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပြီးသတ် ဖျက်သိမ်းရေး၊

၃။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး၊

၄။ ပြည်သူ့အစိုးရ ပေါ်ထွန်းရေး၊

## အခန်း (၂)

## ပဋိညာဉ်တွင် ပါဝင်သည့်အဖွဲ့အစည်းများ (Members of the Charter)

ဤပဋိညာဉ်တွင် ဖော်ပြပါ ဦးတည်ချက်၊ ရည်ရွယ်ချက်တို့ကို စုပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ အဖွဲ့အစည်းတို့ ပူးပေါင်းပါဝင်ကြသည်။

၁။ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊

၂။ နိုင်ငံရေးပါတီများ၊

၃။ CDM၊ အထွေထွေသပိတ်အင်အားစုများနှင့် အမျိုးသမီးနှင့် လူငယ်အသင်းအဖွဲ့များ အပါအဝင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊

၄။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊

## အခန်း (၃)

## အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြမြေပုံ

၁။ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကိုယ်စားပြုကော်မတီများ ဖွဲ့စည်း၍ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ခြင်း၊

၂။ နိုင်ငံရေးဆိုင်ရာသဘောတူညီချက်များ ဆွေးနွေးအတည်ပြုနိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့ အစည်းများနှင့် အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းများ အပါအဝင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ လက်တွဲ ဆောင်ရွက်နိုင်သည့် အခင်းအကျင်း ဖော်ဆောင်ခြင်း၊

၃။ ဖက်ဒရယ်ဒီမိုကရစီ ပဋိညာဉ် (Charter) ကို ရေးဆွဲအတည်ပြုခြင်း၊

၄။ ဤပဋိညာဉ် (Charter) နှင့်အညီ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ (Interim National Unity Government) ဖွဲ့စည်းခြင်း၊ ဥပဒေပြုရေးနှင့် တရားရေးမဏ္ဍိုင်ဆိုင်ရာ အဖွဲ့အစည်းများကို ဖွဲ့စည်းခြင်း၊

၅။ အာဏာရှင်စနစ် ပပျောက်ရေး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် မဟာဗျူဟာချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

၆။ တိုင်းပြုပြည်ပြုညီလာခံ (Constitutional Convention) ခေါ်ယူကျင်းပပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုခြင်း၊

၇။ တိုင်းပြုပြည်ပြုညီလာခံက ရေးဆွဲအတည်ပြုထားသည့် ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေကို လူထု ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုပြဋ္ဌာန်းခြင်း၊

၈။ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေးမဏ္ဍိုင်များကို ဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် (Constitutionalism) အရ လိုက်နာ ကျင့်သုံးခြင်း၊

## အခန်း (၄)

## ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း

ဤပဋိညာဉ်အား ပူးပေါင်းပါဝင်သည့်အဖွဲ့အစည်းများက ဖွဲ့စည်းပေးလိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မတီဝင်များသည် အောက်ဖော်ပြပါ လမ်းညွှန်အခြေခံမူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ကို ရေးဆွဲရမည်။

အပိုင်း (၁) ပြည်ထောင်စုမျှော်ရည်ချက်နှင့် စံတန်ဖိုး

အပိုင်း (၂) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ

အပိုင်း (၃) အခြေခံမူဝါဒများ

## အပိုင်း (၁)

## ပြည်ထောင်စုမျှော်ရည်ချက်နှင့် စံတန်ဖိုး၊

### ပြည်ထောင်စုမျှော်ရည်ချက် (Union Vision)

လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုကို အာမခံပြီး ငြိမ်းချမ်းသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်မည်။

### ပြည်ထောင်စုစံတန်ဖိုး (Union Values)

ပြည်ထောင်စုကြီးကို တည်ဆောက်ရန်အတွက် အောက်ပါတို့ကို စံတန်ဖိုးအဖြစ် ယုံကြည်လက်ခံသည်။

၁။ ဒီမိုကရေစီအခွင့်အရေး၊ ဂျဲန်ဒါ တန်းတူရေး နှင့် အခြေခံလူ့အခွင့်အရေးများ၊

၂။ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊

၃။ စုပေါင်းခေါင်းဆောင်ခြင်း၊

၄။ စုံလင်ကွဲပြားမှုကို လက်ခံခြင်း၊ သဟဇာတဖြစ်ခြင်း၊ ညီညွတ်ခြင်းနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်း၊
၅။ လူနည်းစုအခွင့်အရေးကို ကာကွယ်ခြင်း၊

## အပိုင်း (၂)
## ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ

၁။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်းရှိ ပြည်သူတို့သည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များ ဖြစ်သည်။

၂။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့် ဖွဲ့စည်းသည်။ ပြည်ထောင်စုအဖွဲ့ဝင်(ပြည်နယ်များအားလုံး (ဖက်ဒရယ်ယူနစ်အားလုံး) တို့သည် နိုင်ငံရေးအရ တန်းတူသည်။

၃။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခွင့် ရှိသည်။

၄။ အာဏာခွဲဝေမှု (Power Sharing)၊ သယံဇာတခွဲဝေမှု (Resoure Sharing)၊ အခွန်ဘဏ္ဍာခွဲဝေမှု (Revenue Sharing) နှင့် ဖက်ဒရယ်ဘဏ္ဍာရေးစနစ် (Fiscal Federalism) တို့ကို ကျင့်သုံးသည်။ ထိုသို့ ခွဲဝေရာတွင် ပြည်သူလူထုနှင့် အနီးကပ်ဆုံးအစိုးရ အဆင့်က လုပ်ဆောင်နိုင်သည်အထိ လုပ်ပိုင်ခွင့်ပြုသောစနစ် (Subsidiarity Principle) ကို ကျင့်သုံးသည်။

၅။ ဖက်ဒရယ် ပြည်ထောင်စုလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာတပ်ဖွဲ့များ အားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ၏ ကွပ်ကဲမှုနှင့်စီမံအုပ်ချုပ်မှုအောက်တွင် ရှိရမည်။ လူသားလုံခြုံရေးကို အခြေခံသည့် မူဝါဒ ကျင့်သုံးရမည်။

## အပိုင်း (၃)
## ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူဝါဒများ

### ပြည်ထောင်စု၏အသွင်သဏ္ဍာန်

၁။ ဒီမိုကရေစီအခွင့်အရေးများအပြည့်အဝကျင့်သုံးသော၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝ ရှိသော ဖက်ဒရယ်ပြည်ထောင်စုအင်္ဂါရပ်များနှင့် ပြည့်စုံသော ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်မည်။

၂။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝ ရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့် ဖွဲ့စည်းသည်။

၃။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တိုင်းတွင် သီးခြားဥပဒေပြုရေးအာဏာ၊ သီးခြားအုပ်ချုပ်ရေးအာဏာနှင့် သီးခြားတရားစီရင်ရေးအာဏာတို့ ရှိသည်။

### ပြည်ထောင်စုအာဏာ

၄။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များရှိ ပြည်သူလူထုသည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များ ဖြစ်ကြသည်။

၅။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု အချုပ်အခြာအာဏာ၏မဏ္ဍိုင် (၃) ရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို လွတ်လပ်စွာ ပိုင်းခြားကျင့်သုံးခြင်းနှင့် အပြန်အလှန် ထိန်းကျောင်းခြင်း ရှိစေရမည်။

၆။ ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာ နှင့် ထပ်တူပြုအာဏာများကို သတ်မှတ်ပြဋ္ဌာန်းရမည်။ ဖက်ဒရယ် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံး၏ ဘုံအကျိုးစီးပွားအတွက် ကျင့်သုံးရန် လိုအပ်သောအခွင့်

အာဏာများကိုသာ ပြည်ထောင်စုသို့ အပ်နှင်းသည်။ ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာနှင့် ထပ်တူပြု အာဏာများတွင် ထည့်သွင်းဖော်ပြထားခြင်း မရှိသည့် ကြွင်းကျန်နေသည့် အာဏာများသည် ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များတွင် တည်ရှိသည်။

## ပြည်ထောင်စုဥပဒေပြုရေး

၇။ ဖက်ဒရယ်လွှတ်တော်ကို အာဏာတူသည့် ဖက်ဒရယ်အထက်လွှတ်တော်နှင့် ဖက်ဒရယ်အောက်လွှတ်တော်တို့ ဖြင့် ဖွဲ့စည်းသည်။ အထက်လွှတ်တော်ကို ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးက အရေ အတွက် တူညီစွာ ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။ အောက်လွှတ်တော်ကို လူဦးရေအပေါ်တွင် အခြေခံ၍သော်လည်းကောင်း၊ မြို့နယ်အပေါ်တွင် အခြေခံ၍သော်လည်းကောင်း ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။ ယင်းလွှတ်တော်နှစ်ရပ်က ပြည်ထောင်စုဥပဒေများကို ရေးဆွဲပြဋ္ဌာန်းသည်။

## ပြည်ထောင်စုအုပ်ချုပ်ရေး

၈။ ဖက်ဒရယ်ပြည်ထောင်စု၏ အုပ်ချုပ်ရေးစနစ်သည် ဝန်ကြီးချုပ်ဦးဆောင်သောစနစ် (Parliamentary System) ဖြစ်သည်။ ဝန်ကြီးချုပ်ဦးဆောင်သောစနစ်တွင် ပြည်ထောင်စုဦးသျှောင်(သို့မဟုတ်) ပြည်ထောင်စုသမ္မတ ထားရှိသောစနစ် ဖြစ်သည်။

## ပြည်ထောင်စုတရားစီရင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၉။ ဖက်ဒရယ်ပြည်ထောင်စု တရားစီရင်ရေးအာဏာကို ကျင့်သုံးနိုင်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စုတရား လွှတ်တော်ချုပ်နှင့် ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများ အဆင့်ဆင့် ဖွဲ့စည်းထားရှိရမည်။ ဖက်ဒရယ် ပြည်ထောင်စုသမ္မတက အဆိုပြုတင်သွင်းလာသော ဖက်ဒရယ်ပြည်ထောင်စု တရားသူကြီးချုပ်အား ဖက်ဒရယ် လွှတ်တော်က စိစစ်အတည်ပြုပေးရမည်။

၁၀။ ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်အကြားတွင်သော်လည်းကောင်း၊ ပြည်နယ်အချင်းချင်းအကြားတွင်သော် လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်သော အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် လွတ်လပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကို ဖွဲ့စည်းထူထောင်ရမည်။

၁၁။ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စု၏ အမြင့်ဆုံးဥပဒေ ဖြစ်သည်။

## ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၂။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။

၁၃။ ပြည်နယ်တွင်း ဒေသန္တရအဆင့်လုပ်ပိုင်ခွင့်အာဏာကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရှင်းလင်းတိကျစွာ ဖော်ပြပြီး ၎င်း၏အခွန်ဘဏ္ဍာကောက်ယူနိုင်သည့် စာရင်းများကို တိကျစွာ သတ်မှတ်ပြဋ္ဌာန်း ထားရမည်။

၁၄။ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်း၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စသည့် ကဏ္ဍအသီးသီးနှင့် သက်ဆိုင်သော အခွင့်အရေးများကို ကာကွယ်ထိန်းသိမ်း မြှင့်တင်ပေးရမည်။

## လွတ်လပ်သော ကော်မရှင်များ

၁၅။ ဖက်ဒရယ်ပြည်ထောင်စုတွင် အနည်းဆုံးအားဖြင့် အောက်ဖော်ပြပါ လွတ်လပ်သောကော်မရှင်များကို ဖွဲ့စည်း ထားရှိရမည်။

(က) အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကော်မရှင် (Anti - corruption Commission)

(ခ) ရွေးကောက်ပွဲကော်မရှင် (Election Commission)

(ဂ) ခွဲခြားမှုပပျောက်ရေးနှင့် လူ့အခွင့်အရေးကော်မရှင်
(Anti - discrimination and Human Rights Commission)

(ဃ) သတင်းအချက်အလက် သိပိုင်ခွင့်ကော်မရှင် (Rights to Information Commission)
(င) ကျဲန်ဒါအခြေပြု အကြမ်းဖက်မှု ဆန့်ကျင်ရေးဆိုင်ရာ ကော်မရှင်

**နိုင်ငံရေးနှင့်ဘာသာရေး**

၁၆။ ဖက်ဒရယ်ပြည်ထောင်စုသည် နိုင်ငံရေးနှင့်ဘာသာရေး ရောယှက်ခြင်းမရှိသော၊ ဘာသာရေးကို အခြေမခံသော နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်။

**ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ် (Fiscal Federalism)**

၁၇။ ပြည်ထောင်စုအဆင့် အစိုးရနှင့် ပြည်နယ်အဆင့် အစိုးရများအကြား တိကျ၍ စည်းစနစ်ကျသော အခွန်ဘဏ္ဍာ ကောက်ခံသည့်စာရင်းကို တိကျစွာ ဥပဒေပြု ပြဋ္ဌာန်းထားရမည်။ ပြည်ထောင်စုအခွန်ဘဏ္ဍာ ကောက်ခံသော ယန္တရားနှင့် ပြည်နယ်အခွန်ဘဏ္ဍာကောက်ခံသော ယန္တရားတို့ သီးခြားစီ ရှိရမည်။

၁၈။ ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်တို့အကြား ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်း (Fiscal Management and Sharing) ဆိုင်ရာဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရမည်။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ ဘက်စုံညီမျှဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ သာတူညီမျှရေးအစီအစဉ်ကို ရေးဆွဲပြဋ္ဌာန်းထား ရမည်။

**မြေနှင့်သဘာဝသယံဇာတ**

၁၉။ ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်တို့အကြား မြေနှင့်သဘာဝသယံဇာတ စီမံခန့်ခွဲခြင်း၊ ခွဲဝေခြင်းဆိုင်ရာ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းရမည်။

၂၀။ ပြည်နယ်အတွင်းရှိ မြေနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ အားလုံး၏ မူရင်းပိုင်ရှင်သည် ပြည်နယ် အတွင်း နေထိုင်သော ပြည်နယ်သားများဖြစ်သည်။ ပြည်နယ်အတွင်းရှိ သဘာဝသယံဇာတ အရင်းအမြစ်များ စူးစမ်းရှာဖွေခြင်း၊ တူးဖော်ထုတ်လုပ်သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်း စသည် တို့ကို ပြည်နယ်က လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့် ရှိသည်။

၂၁။ ဖက်ဒရယ်ပြည်ထောင်စုတွင် သယံဇာတဝင်ငွေများအနက် အမြောက်အမြား ထွက်ရှိသော သယံဇာတမှ ရရှိသော ဘဏ္ဍာငွေများကို သက်ဆိုင်ရာပြည်နယ်က အပြည့်အဝအကျိုးခံစားခွင့် ရှိသည်။ သဘာဝသယံဇာတ အရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် သက်ဆိုင်ရာဒေသခံများ၏ သဘောဆန္ဒကို ရယူရမည့်အပြင် ထိုဒေသ ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တိုက်ရိုက်အကျိုးပြုမှု ရှိရမည်။ သဘာဝသံယဇာတများ ထုတ်ယူသည့် အတွက် ဖြစ်ပေါ်လာမည့် လူထုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်သည့် ဆိုးကျိုးများနှင့် ပျက်စီး ဆုံးရှုံးသွားသော ဂေဟစနစ်ကို ပြန်လည်ကုစားရေးအတွက် သီးခြားအခွန်ငွေ ကောက်ခံပြီး ရန်ပုံငွေ အစီအစဉ် တစ်ရပ်ကို ရေးဆွဲ ပြဋ္ဌာန်းထားရမည်။

**အခြေခံအခွင့်အရေးများနှင့် တိုင်းရင်းသားလူနည်းစုများ၏အခွင့်အရေးများ**

၂၂။ ပြည်ထောင်စုတွင် နေထိုင်သူတိုင်းသည် အခြေခံလူ့အခွင့်အရေးကို အပြည့်အဝ ခံစားခွင့် ရှိရမည်။

၂၃။ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ အားလုံးသည် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ခံစားခွင့်ရှိသည့် တစ်သီးပုဂ္ဂလအခွင့်အရေးများ (Individual Rights) နှင့် တိုင်းရင်းသားလူမျိုးများ လူမျိုးအလိုက် ခံစားခွင့်ရှိ သည့် စုပေါင်းအခွင့်အရေးများ (Collective Rights) ကို အပြည့်အဝ ခံစားပိုင်ခွင့်ရှိရမည်။

၂၄။ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ မဟုတ်ကြသော်လည်း ပြည်ထောင်စု၏နိုင်ငံသားအဖြစ် ခံယူထားသော နိုင်ငံသားတိုင်းသည် နိုင်ငံသားများ၏ အခြေခံအခွင့်အရေး (Citizen Rights) များကို အပြည့်အဝ ခံစားခွင့်ရှိရမည်။

၂၅။ လိင်ကွဲပြားမှု နှင့် ဂျန်ဒါ ကို အခြေခံပြီး တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ၊ ခွဲခြားဆက်ဆံမှုမှန်သမျှကို လုံးဝ ပိတ်ပင်ဟန့်တားရမည့်အပြင် မြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် လေးစားလိုက်နာခြင်းများ ရှိရမည်။

၂၆။ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဘာသာစကားများကို အခြေခံလူ့အခွင့်အရေးဆိုင်ရာ ဥပဒေများနှင့်အညီ လွတ်လပ်စွာ ထိန်းသိမ်းကာကွယ် မြှင့်တင်ခွင့် ရှိစေရမည်။ တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါ အခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော အမျိုးသားလက္ခဏာနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို မည်သည့်အခြေအနေတွင်မျှ ရုပ်သိမ်းဟန့်တားခြင်း မရှိစေရ။ တိုင်းရင်းသားလူမျိုးစုငယ်များအား နိုင်ငံရေးနှင့် ဆုံးဖြတ်ချက် ချမှတ်သည့်အခန်းကဏ္ဍတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်နှင့် ဒေသန္တရအုပ်ချုပ်မှုများတွင် ဦးစားပေးမှု သို့မဟုတ် သီးသန့်နေရာပေးမှုများကို ဆောင်ရွက်ပေးရမည်။

၂၇။ တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ဘာသာစကားကို ကျောင်းပညာသင်ကြားမှုတွင် တရားဝင်လက်တွေ့ သင်ကြား အသုံးပြုရမည့်အပြင် ပြည်ထောင်စုတိုင်းရင်းသားဘာသာစကားများကို သင်ကြားပို့ချနိုင်သည့် အဆင့်မြင့်ပညာသင်ကျောင်းများ၊ တက္ကသိုလ်များနှင့် အင်စတီကျူးရှင်းများကို ဖွင့်လှစ်အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

**ဖက်ဒရယ်လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာအခြေခံမူ**

၂၈။ ဖက်ဒရယ်ပြည်ထောင်စု၏လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာမူဝါဒများသည် လူသားလုံခြုံရေးကို အခြေခံရမည်။ ဖက်ဒရယ်ပြည်ထောင်စုလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာတပ်ဖွဲ့များ အားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ၏ အုပ်ချုပ်မှု အောက်တွင် ရှိရမည်။

၂၉။ ဖက်ဒရယ်လွှတ်တော်သည် ပြည်ထောင်စု၏လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ မူဝါဒများနှင့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပေးရမည်။ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်များကို ဖက်ဒရယ်လွှတ်တော်က စိစစ်အတည်ပြု ပေးရမည်။

၃၀။ ပြည်ထောင်စုရဲတပ်ဖွဲ့နှင့် ပြည်နယ်ရဲတပ်ဖွဲ့တို့ကို သီးခြားစီ ဖွဲ့စည်းရမည်။ ပြည်နယ်လုံခြုံရေးတပ် ဖွဲ့စည်းခွင့်ရှိသည်။ ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေးတပ်တို့သည် သက်ဆိုင်ရာပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ရှိသည်။ ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေးတပ်တို့၏ အသုံးစရိတ်များကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်က စိစစ်အတည်ပြုပေးရမည်။

၃၁။ ပြည်ထောင်စုလုံခြုံရေးနှင့် အရေးပေါ်အခြေအနေတွင်လည်းကောင်း၊ သဘာဝ ကပ်ဘေးအန္တရာယ်များနှင့် ကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက်သော်လည်းကောင်း လုံခြုံရေးတပ်ဖွဲ့များအား အသုံးပြုမှုနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရတို့က ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ရမည်။

၃၂။ ဖက်ဒရယ်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီကို ဖွဲ့စည်းရမည်။ ၎င်းကောင်စီတွင် ပြည်နယ်လုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီများမှ အနည်းဆုံးတဦးစီ အပါအဝင် ကောင်စီဝင် စုစုပေါင်း၏ (၃၀) ရာခိုင်နှုန်းထက် မကျော်သော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

**ဖက်ဒရယ်ပြည်ထောင်စုလုံခြုံရေးစနစ်**

၃၃။ ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နှင့် ဒေသန္တရအဆင့်ရှိ အရပ်သားအစိုးရများအကြား လုပ်ပိုင်ခွင့်ဆိုင်ရာ အာဏာခွဲဝေခြင်း၊ အစုအဖွဲ့ (သို့မဟုတ်) လူပုဂ္ဂိုလ်အတွက် သီးခြားပေးအပ်ထားသော အခွင့်အရေးများဆိုင်ရာ ခွဲဝေခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းဆိုင်ရာ အာဏာခွဲဝေခြင်းတို့ ကျင့်သုံးပြီး ဒေသခံတို့၏ ဓလေ့ထုံးတမ်းများ၊ စိုးရိမ်ချက်များနှင့် လိုအပ်ချက်များကို ထင်ဟပ်ပုံဖော်သည့် သက်ဆိုင်ရာပထဝီအနေအထားအခြေခံ မဟာဗျူဟာများ ချမှတ်မှုနှင့် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ တာဝန်ချထားမှုတို့ လုပ်ဆောင်ကာ ပြည်သူလူထုလုံခြုံရေး၊ ရပ်ရွာဘေးအန္တရာယ်တားဆီးရေးနှင့် ပြည်ထောင်စုကာကွယ်ရေးကို အာမခံသည့် လူမျိုးပေါင်းစုံ၊ ဘက်ပေါင်းစုံလွှမ်းခြုံ ပူးပေါင်းပါဝင်သည့် အဖွဲ့အစည်းများ၊ အင်အားစုများနှင့် ဝန်ဆောင်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်သည့် ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးစနစ်တစ်ရပ် တည်ဆောက်ရမည်။

**စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့ဝန်ထမ်းခြင်း (Administration and Public Services)**

၃၄။ စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့ဝန်ထမ်းခြင်းလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်မည့်သူများအား ရွေးချယ်ခြင်းနှင့် လေ့ကျင့်သင်ကြားခြင်းအတွက် တိကျသည့် မူဝါဒများ ရေးဆွဲပြဋ္ဌာန်းထားရမည်။ ဝန်ထမ်းလေ့ကျင့်သင်ကြားရေးကျောင်းများတွင် သင်ကြားမည့် သင်ရိုးညွှန်းတမ်းဆိုင်ရာ စံနှုန်းများကို ပြည်ထောင်စုအစိုးရက သတ်မှတ်ပြဋ္ဌာန်းပေး ရမည်။

၃၅။ ပြည်နယ်များတွင် တာဝန်ထမ်းဆောင်မည့်သူများအတွက် သက်ဆိုင်ရာပြည်နယ်တွင် စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့ဝန်ထမ်းခြင်းဆိုင်ရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်သင်ကြားရေးကျောင်းများ သီးခြားဖွင့်လှစ်ခွင့်ရှိသည်။

**အစိုးရအချင်းချင်းအကြားဆက်ဆံရေး (Inter-Governmental Relations)**

၃၆။ ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်အကြားတွင်သော်လည်းကောင်း၊ ပြည်နယ်အချင်းချင်းကြားတွင်သော်လည်းကောင်း အငြင်းပွားစရာများ၊ ပြဿနာများ ပေါ်ပေါက်ပါက ပူးပေါင်းကိုင်တွယ်ဖြေရှင်းရန်နှင့် လုပ်ငန်းဆောင်တာများကို အတူအကွ ပူးပေါင်းလုပ်ကိုင်နိုင်ရန်အတွက် အကြီးအကဲများ ပူးတွဲကော်မတီကိုလည်းကောင်း၊ လုပ်ငန်းကဏ္ဍအသီးသီးတို့တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် ကဏ္ဍအလိုက်ဝန်ကြီးများ ပူးတွဲကော်မတီကိုလည်းကောင်း၊ မျှဝေသုံးစွဲရန် သတ်မှတ်ထားသော ဝင်ငွေများကို စီမံခန့်ခွဲရန်အတွက် ဘဏ္ဍာရေး ပူးတွဲကော်မတီကိုလည်းကောင်း စသည့် ပူးတွဲကော်မတီတို့ကို ဖွဲ့စည်းနိုင်သည်။ ပူးပေါင်း ဆောင်ရွက်သည့်ကိစ္စရပ်၏ လိုအပ်ချက်အရ ကော်မတီသက်တမ်းကို သတ်မှတ်ထားရှိရမည်။

၃၇။ ပြည်နယ်အကြီးအကဲများသည် ပြည်ထောင်စုအဂ္ဂါစဉ်အရပြည်ထောင်စုဝန်ကြီးများ၏ အထက်တွင် ရှိသည်။

## အခန်း (၅)
## ဝန်ခံကတိပြုချက်

ဤပြဋ္ဌာန်းချက်ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်များအား နိုင်ငံရေးလမ်းပြမြေပုံနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကာ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူမှုရှိပြီး ငြိမ်းချမ်းသည့် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်မည်။

ထိုသို့တည်ဆောက်ရာတွင် ပြည်ထောင်စုစံတန်ဖိုးများကို အခြေခံ၍ ပြည်သူထံသို့ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် အခွင့်အရေး၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များထံသို့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများအား ပြန်လည် အပ်နှင်းနိုင်ရေး ကြိုးပမ်းအားထုတ်သွားမည်။

အခြေခံအခွင့်အရေးများ၊ ဂျဲန်ဒါတန်းတူညီမျှရေးနှင့် လူနည်းစုတို့၏ အခွင့်အရေးများ ရရှိစေရမည်။ နိုင်ငံသားတိုင်း၏ လူမှုဘဝလုံခြုံမှုရှိစေရေးအတွက် လူသားလုံခြုံမှုကို အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာမူဝါဒများကို ချမှတ်ဆောင်ရွက်သွားမည်။

နိုင်ငံသားတို့၏ လူနေမှုဘဝအဆင့်အတန်း ပိုမိုမြင့်မား၍ ဆန်းသစ်ပြောင်းလဲမှုနှင့် စွန့်ဦးတီထွင်မှုတို့ကို အားပေးထောက်ကူပြုသည့် မူဝါဒများကို ချမှတ်ဆောင်ရွက်သွားမည်။

လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော အားလုံးအကျုံးဝင် ပညာရေးစနစ် (Universal Education Coverage) နှင့် ကျန်းမာရေးစနစ် (Universal Health Coverage)၊ မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ အပါအဝင် အမျိုးသမီးဆိုင်ရာအခွင့်အရေးများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အလွဲသုံးမှုဆိုင်ရာ အန္တရာယ်လျှော့ချရေး (Harm Reduction)၊ ကုသရေးနှင့် ပြည်လည်ထူထောင်ရေးအတွက် ထိရောက်သော မူဝါဒများ ချမှတ်ဆောင်ရွက်သွားမည်။

ရွေးကောက်ခံမဟုတ်သူများ၏ အာဏာများအား ပြန်လည်ရုတ်သိမ်းရမည်။ တာဝန်ယူမှု၊ တာဝန်ခံမှု မရှိသော အစိုးရများအား ပြည်သူ့အင်အားဖြင့် ဖြိုချပါမည်။ အချုပ်အခြာ၏ မူလရင်းမြစ်သည် ပြည်သူအများ ဖြစ်ကြောင်း အာမခံနိုင်ရမည်။ နိုင်ငံ့အာဏာသည် ပြည်သူ့လက်ထဲတွင် ရှိကြောင်း သေချာစေရမည်။

ဤပဋိညာဉ်ပါ အကြောင်းအရာများ၊ ဖော်ပြချက်များနှင့် မူဝါဒများသည် မကြာမီကာလတွင် ပေါ်ပေါက်လာမည့် ကြားကာလအစိုးရ၊ ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများတွင် ဆောင်ရွက်မည့် ကိစ္စရပ်များ အတွက်သာမက ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌လည်း လိုက်နာကျင့်သုံးရမည့် အခြေခံလမ်းညွှန်ချက်များ ဖြစ်သည်။

## နိဂုံး

ပြည်ထောင်စုတည် တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ဤပြည်ထောင်စုကြီးအား မိမိတို့၏ သီးခြားတိုင်းပြည်အဖြစ် တည်ထောင်နိုင်ခွင့်တို့ကို စွန့်လွှတ်၍ ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်ကို ချုပ်ဆိုကာ ပြည်ထောင်များစုပေါင်း၍ ပြည်ထောင်စုနိုင်ငံအဖြစ် တည်ထောင်ခဲ့ကြသည်။ လွတ်လပ်ခြင်း၊ တန်းတူခြင်း၊ စုံလင်ကွဲပြားခြင်း၊ စုပေါင်း ခေါင်းဆောင်ခြင်းနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ရှိခြင်းတို့ကို ပြည်ထောင်စု၏ စံတန်ဖိုးများအဖြစ် ကိုင်စွဲ၍ လူမျိုးပေါင်းစုံ အေးအတူပူအမျှ ငြိမ်းချမ်းစွာဖြင့် အတူတကွ ယှဉ်တွဲနေထိုင်နိုင်မည့် ဖက်ဒရယ်ပြည်ထောင်စုအား တည်ဆောက်ရန် ရည်မှန်းခဲ့ကြသည်။ လွတ်လပ်ရေးကို အတူအကွ ပူးပေါင်းရယူခဲ့ကြသည်။

သို့ပါ၍ ငြိမ်းချမ်းသာယာသည့် ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်အတွက် ပြည်ထောင်စု၏ မူရင်းပဋိညာဉ်ဖြစ်သည့် ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နှင့် ပင်လုံမူတို့ကို ပြန်လည် အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ဖက်ဒရယ်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ရေးဆွဲရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် (Constitutionalism) ကို ကျင့်သုံးမည်။ လိုအပ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်မည်။ ပြည်ထောင်စု၏ အင်္ဂါရပ်များနှင့် ပြည့်စုံရန် လုပ်ဆောင်မည်။ ပြည်ထောင်စုလက္ခဏာ တည်ဆောက်ရေး ဖြစ်သည့် အသွင်သဏ္ဌာန် လက္ခဏာတည်ဆောက်ရေးနှင့် အနှစ်သာရ လက္ခဏာတည်ဆောက်ရေးတို့ကို အကောင်အထည်ဖော်မည်။ စုပေါင်းတည်ထောင်ခဲ့သော ပြည်ထောင်စုကြီးအား စုပေါင်းခေါင်းဆောင်မှုဖြင့် ကမ္ဘာ့အလယ်တွင် တင့်တယ်စေရမည်။

စံတန်ဖိုးများနှင့် ခိုင်မာသည့်မူဝါဒများကို လေးစားယုံကြည်လိုက်နာသော လွတ်လပ်၊ ငြိမ်းချမ်း၊ ကြီးပွား တိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသစ်ကြီးကို ထုဆစ်ပုံဖော်ရန်အတွက် ဤပဋိညာဉ်ကြီးကို စုပေါင်းရေးဆွဲပြဋ္ဌာန်း အတည်ပြုကာ စုပေါင်းခေါင်းဆောင်မှုဖြင့် စုပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မှတ်ချက်။** **၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဤ "ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်" အစိတ်အပိုင်း (၁) "ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ကြေညာစာတမ်းအား အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံ ကောင်စီ (NUCC) ၌ ဆွေးနွေးအတည်ပြုသည်။**

# ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်

## အစိတ်အပိုင်း (၂)

## ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများ

၂၀၂၁ ခုနှစ်

# Federal Democracy Charter

## Part - II

## Interim Constitutional Arrangement

2021

# မာတိကာ


အခန်း (၁) ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံ၏ ရည်ရွယ်ချက်

အခန်း (၂) ကြားကာလ ဥပဒေပြုရေး

အခန်း (၃) ကြားကာလ အုပ်ချုပ်ရေး

အခန်း (၄) အမျိုးသားညီညွတ်ရေးအစိုးရ၏ လုပ်ငန်းတာဝန်များ

အခန်း (၅) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီဖွဲ့စည်းပုံနှင့်တာဝန်များ

အခန်း (၆) ကြားကာလတရားစီရင်ရေး

အခန်း (၇) အထွေထွေပြဋ္ဌာန်းချက်များ

အခန်း (၈) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ကတိပြုချက်များ

## နိဒါန်း

ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ခိုင်မာသည့် လိုလားတောင့်တချက်မှာ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လွတ်လပ်မှုတည်းဟူသော လောကပါလ တရားတို့ကို အခြေခံသည့် ဒီမိုကရေစီရေး၊ တန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝ အာမခံချက်ပေးနိုင်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးပင် ဖြစ်သည်။ တိုင်းရင်းသား လူမျိုးပေါင်းစုံတို့၏ မွေးရာပါအခွင့်အရေး နှင့် လူ့ဂုဏ်သိက္ခာတို့ကို လေးစားတန်ဖိုးထားသော စံတန်ဖိုးများ၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံရမည့် အခြေခံမူများ၊ လမ်းညွှန်အခြေခံမူ များ၊ အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြမြေပုံတို့ကို ဤပဋိညာဉ်၏ အစိတ်အပိုင်း (၁) တွင် ဖော်ပြခဲ့ပြီးသည်။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကို စုပေါင်းအင်အား ဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည့် သက်ဆိုင်ရာ အင်အားစုအသီးသီးတို့ကလည်း သန္နိဋ္ဌာန်ချမှတ် ကတိပြုကြပြီး ဖြစ်သည်။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်အစိတ်အပိုင်း (၁) တွင် ဖော်ပြထားသည့် ဦးတည်ချက်၊ ရည်ရွယ်ချက် များကို လက်တွေ့ အကောင်အထည်ဖော်ရန်နှင့် ရှေ့ဆက်သွားမည့် နိုင်ငံရေးလမ်းပြမြေပုံ အဆင့်ဆင့်အား လက်တွေ့ အကောင်အထည်ဖော်ခြင်းဖြင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်အလို့ငှာ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရတစ်ရပ်ကို ဖွဲ့စည်းရာတွင် အခြေခံရမည့် "ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အစီအမံများ (Interim Constitutional Arrangement)" ကို ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်၏ အစိတ်အပိုင်း (၂) အဖြစ် အတည်ပြုပြဋ္ဌာန်းလိုက်သည်။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်၏ အစိတ်အပိုင်း (၂) တွင် သုံးစွဲထားသည့်"တိုင်းဒေသကြီး နှင့် ပြည်နယ်" ဟူသော စကားရပ်သည် ဤပဋိညာဉ်၏ သက်တမ်းအတွင်းသာ အကျုံးဝင်သည်။ ဤကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများသည် ကြားကာလ အမျိုးသားညီညွတ် ရေးအစိုးရ၏ သက်တမ်း အတွက်သာ သက်ဆိုင်စေရမည်။

## အခန်း (၁)
## ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံ၏ ရည်ရွယ်ချက်

၁။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်၏ အစိတ်အပိုင်း (၁) ပါ ဦးတည်ချက်၊ ရည်ရွယ်ချက် နှင့် နိုင်ငံရေးလမ်းပြမြေပုံ အဆင့်ဆင့်တို့ကို လက်တွေ့အကောင်အထည်ဖော်မည့် ကြားကာလ အမျိုးသားညီညွတ်ရေး အစိုးရအား ဖွဲ့စည်းရန်

၂။ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ ဖွဲ့စည်းပုံ၊ တာဝန် နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းရန်

၃။ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် တိုင်းပြုပြည်ပြုညီလာခံကြီးမှတစ်ဆင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ ကို သတ်မှတ်ရန်

၄။ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ သက်တမ်းအတွင်း ပြည်သူလူထု၏ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ပေးနိုင်ရန်

## အခန်း (၂)
## ကြားကာလ ဥပဒေပြုရေး

**ဖက်ဒရယ် ပြည်ထောင်စု လွှတ်တော်ဖွဲ့စည်းခြင်း**

၁။ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ကို အာဏာတူသော လွှတ်တော်နှစ်ရပ်ဖြစ်သည့် ဖက်ဒရယ်အထက်လွှတ်တော်နှင့် ဖက်ဒရယ်အောက်လွှတ်တော်တို့ဖြင့် ဖွဲ့စည်းသည်။

(က) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာမဲဆန္ဒနယ်မှ မဲဆန္ဒရှင်များက ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် ဖက်ဒရယ်အောက်လွှတ်တော်၊

(ခ) ပြည်ထောင်စုအဖွဲ့ဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ(ပြည်ထောင်စုယူနစ်များ)မှ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် အထက်လွှတ်တော်။

၂။ ကြားကာလတွင် အပိုဒ် ၁ (က) နှင့် (ခ) တို့ကို လက်တွေ့အကောင်အထည်ဖော်ရန် အခက်အခဲရှိနေသမျှကာလတစ်လျှောက်၌ ဤပဋိညာဉ်ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်များနှင့် နိုင်ငံရေးလမ်းပြမြေပုံကို ပူးပေါင်းအကောင်အထည်ဖော်ရန် သဘောတူညီသည့် ၂၀၂၀ ခုနှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် နိုင်ငံရေးပါတီများမှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော လွှတ်တော်ကိုယ်စားပြုကော်မတီများက ကြားကာလ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်မည်။

၃။ လွှတ်တော်ကိုယ်စားပြုကော်မတီများကို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ပေါက်ရေး ကြိုးပမ်းသော၊ အာဏာသိမ်းစစ်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ခြင်း မပြုသော ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအနိုင်ရနိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။

၄။ ပြည်ထောင်စု ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက ဆောင်ရွက်မည်။

၅။ ပြည်ထောင်စုအဆင့် ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းစဉ်များကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက ရေးဆွဲပြဋ္ဌာန်းပေးရမည်။

၆။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် အထောက်အကူပြုကော်မတီများ ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။

၇။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးချုပ်၊ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကို အတည်ပြုခန့်အပ်ရမည်။

## တိုင်းဒေသကြီး နှင့် ပြည်နယ် ဥပဒေပြုရေး

တိုင်းဒေသကြီး နှင့် ပြည်နယ် ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး နှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းရမည်။ သို့သော်ယခုကြားကာလတွင် ကျင့်သုံးနိုင်ရန်အတွက် ပြည်နယ် ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကို ဤကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံတွင် ထည့်သွင်း ဖော်ပြရခြင်း ဖြစ်သည်။

**တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်များ**

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက် တင်မြှောက်ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်းရှိ တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေရှိသည့် တိုင်းရင်းသားလူမျိုး အသီးသီးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊

**ဥပဒေပြုခြင်း**

၂။ ကြားကာလတွင် အပိုဒ် ၁ (က) နှင့် (ခ) တို့ကို လက်တွေ့အကောင်အထည်ဖော်ရန် အခက်အခဲရှိနေသမျှ ကာလတစ်လျှောက်တွင် ဤပဋိညာဉ်ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်များနှင့် နိုင်ငံရေးလမ်းပြမြေပုံကို ပူးပေါင်း အကောင်အထည်ဖော်ရန် သဘောတူညီသည့် ၂၀၂၀ ခုနှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် နိုင်ငံရေးပါတီများမှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားပြုကော်မတီများက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ကြားကာလ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်မည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားပြုကော်မတီများကို ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုပေါ်ပေါက်ရေး ကြိုးပမ်းသော၊ အာဏာသိမ်းစစ်ကောင်စီနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း မပြုသော ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီများမှ လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားပြုကော်မတီများက ပြဋ္ဌာန်းပေးရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားပြုကော်မတီက ဆောင်ရွက်မည်။

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားပြုကော်မတီများသည် အထောက်အကူပြု ကော်မတီများကို ဖွဲ့စည်း တာဝန် ပေးအပ်နိုင်သည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားပြုကော်မတီများသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရများကို အတည်ပြုခန့်အပ်ရမည်။

## ကြားကာလ အုပ်ချုပ်ရေး

၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် ဤပဋိညာဉ်ပါ သဘောတူညီချက်များကို လက်မှတ်ရေးထိုးသော အင်အားစုများနှင့် ဆွေးနွေးညှိနှိုင်း၍ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့်၊ ပြည်ထောင်စုဝန်ကြီးချုပ်တို့အား ရွေးချယ်ခန့်အပ်ရမည်။

၂။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် နိုင်ငံတော်ကို ကိုယ်စားပြုသော နိုင်ငံ့ဥသျှောင် အကြီးအကဲများ ဖြစ်သည်။

၃။ ပြည်ထောင်စုဝန်ကြီးချုပ်သည် ကြားကာလအမျိုးသားညီညွတ်ရေးအဖွဲ့၏ အကြီးအကဲ ဖြစ်သည်။

၄။ ပြည်ထောင်စုဝန်ကြီးချုပ်သည် ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ဝင် ဝန်ကြီးများကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန် ပေးရမည်။ ပြည်ထောင်စုဝန်ကြီးချုပ်သည် ဝန်ကြီးဌာနများကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သလို ပြင်ဆင် ဖွဲ့စည်း နိုင်သည်။

၅။ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ နှင့် ညှိနှိုင်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားပြုကော်မတီများ၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရများကို ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။

၆။ ပြည်ထောင်စုဝန်ကြီးချုပ်နှင့် ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအား တာဝန်ခံရမည်။

၇။ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ကို ဖွဲ့စည်းရာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက အဆိုတင်သွင်းသူများ၊ ပဋိညာဉ်ရေးဆွဲရာတွင် ပါဝင်သော နိုင်ငံရေးပါတီများက အဆိုပြုသူများ၊ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများက အဆိုတင်သွင်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများက တာဝန်ခံသော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် တတ်သိပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဖွဲ့စည်းရမည်။

၈။ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်။

(က) နိုင်ငံတော်သမ္မတ
(ခ) နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
(ဂ) ဒုတိယသမ္မတ (၁)
(ဃ) ဒုတိယသမ္မတ (၂)
(င) ပြည်ထောင်စုဝန်ကြီးချုပ်
(စ) အစိုးရအဖွဲ့ဝင် ဝန်ကြီးများ နှင့် ဒုတိယဝန်ကြီးများ

၉။ ပြည်ထောင်စုဝန်ကြီးချုပ်သည် ပဋိညာဉ်ပါ ဦးတည်ချက်များနှင့် ကြားကာလ အမျိုးသားညီညွတ်ရေး အစိုးရ၏ မူဝါဒ နှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ နှင့် ညှိနှိုင်းလျက် အာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးဦးအားလည်းကောင်း၊ ပုဂ္ဂိုလ်များအားလည်းကောင်း တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပေးအပ်နိုင်သည်။

၁၀။ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီနှင့် ညှိနှိုင်း၍ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ကြားကာလအုပ်ချုပ်ရေး စီမံချက်ကို ရေးဆွဲ အတည်ပြုကျင့်သုံးရမည်။

၁၁။ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ မူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကဏ္ဍအလိုက် ကော်မတီ နှင့် ကော်မရှင်များကို သက်ဆိုင်ရာဝန်ကြီးက ဦးဆောင်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ EAOများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အခြား ပါဝင်သင့် ပါဝင်ထိုက်သူများဖြင့် လိုအပ်သလို ဖွဲ့စည်းရမည်။

၁၂။ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်နိုင်ခြင်း မရှိလျှင် ဒုတိယသမ္မတ (၁) က နိုင်ငံတော်သမ္မတကိုယ်စား တာဝန်ထမ်းဆောင်ရမည်။

## အခန်း(၄)
## ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ၏ လုပ်ငန်းတာဝန်များ

၁။ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရသည် ဤပဋိညာဉ်ပါ နိုင်ငံရေးရည်ရွယ်ချက်များ၊ ဦးတည်ချက်များ နှင့်နိုင်ငံရေးလမ်းပြမြေပုံကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

**၂။ နိုင်ငံရေးဆိုင်ရာသဘောတူညီချက်များ ဆွေးနွေးအတည်ပြုနိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ လက်တွဲဆောင်ရွက်နိုင်သည့် အခင်းအကျင်း ဖော်ဆောင်ရမည်။**

၃။ အာဏာရှင်စနစ် ပပျောက်ရေး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် မဟာဗျူဟာချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(က) ပဋိညာဉ်ပါ **ဦးတည်ချက်၊ ရည်ရွယ်ချက်များ၊ နိုင်ငံရေးလမ်းပြမြေပုံတို့နှင့်အညီ ကြားကာလအမျိုးသား ညီညွတ်ရေးအစိုးရ၏ မူဝါဒ နှင့်** မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာန အလိုက် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ရမည်။

(ခ) အာဏာသိမ်းစစ်ကောင်စီကျရှုံးရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ၊နိုင်ငံခြားရေးနှင့် သံတမန်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးစသည့် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ရမည်။

**နိုင်ငံရေး**

(က) ပြည်သူလူထုကို အကြမ်းဖက် ဖိနှိပ်လျက်ရှိသည့် အာဏာသိမ်းစစ်ကောင်စီ၏ စီမံအုပ်ချုပ်မှု ယန္တရားများကို ချိုးနှိမ်ချုပ်တန့်စေပြီး၊ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်များအား ခိုင်မာအားကောင်းစေရန် ဆောင်ရွက်မည်။

(ခ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ ပါဝင်သည့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) နှင့်ပူးပေါင်း ညှိနှိုင်းဆောင်ရွက်မည်။

(ဂ) အများပြည်သူအား ဖိနှိပ်သော ဥပဒေများကို ပြင်ဆင် ပယ်ဖျက်ပြီး နိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးများကို အကာအကွယ်ပေးသော ဥပဒေများကို ရေးဆွဲ၍၊ ပြည်သူတို့၏ လုံခြုံရေး နှင့် တရားဥပဒေစိုးမိုးရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

(ဃ) အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement) အပါအဝင် လူထုလှုပ်ရှားမှုများ စဉ်ဆက်မပြတ် ဆက်လက်ဖြစ်ပေါ်နေစေရေးအတွက် လိုအပ်သည့် စုစည်းမှု၊ ဦးဆောင်မှုများကို ဆက်လက် အကောင်အထည်ဖော်မည်။

**CDM လှုပ်ရှားမှုကဏ္ဍ**

(က) အာဏာသိမ်းစစ်ကောင်စီ၏ အုပ်ချုပ်ရေးယန္တရား ချိုးနှိမ်ချုပ်တန့်ရန်အတွက် Civil Disobedience Movement (CDM) လှုပ်ရှားမှု ကို အရှိန်အဟုန် မြှင့်ဆောင်ရွက်မည်။

(ခ) Civil Disobedience Movement တွင် ပါဝင်သော ဝန်ထမ်းများ၏ ဘဝရပ်တည်ရေးအတွက် ကူညီဆောင်ရွက်ပေးမည်။

(ဂ) CDM တွင် ပါဝင်ခြင်းမရှိဘဲ အာဏာသိမ်း စစ်ကောင်စီအား သစ္စာခံ၍ ပြည်သူလူထုကိုအကြမ်းဖက်မှုပေါင်းစုံတွင် ပါဝင်သော၊ အာဏာသိမ်းစစ်ကောင်စီအုပ်ချုပ်ရေးယန္တရားကို သက်ဆိုးရှည်စေသော မည်သည့် ဝန်ထမ်းနှင့် လူပုဂ္ဂိုလ်ကိုမဆို အရေးယူသွားမည်။

(ဃ) စစ်အာဏာရှင်ဆန့်ကျင်ရေးတွင် ပြည်သူနှင့်အတူ ရပ်တည်၍ CDM တွင် ပါဝင်သော ဝန်ထမ်းများကို အခြေပြု၍ ပြည်သူ့အစိုးရ ယန္တရားအသစ်ကို တည်ထောင်မည်။

(င) စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး လှုပ်ရှားမှုအတွင်း ကျဆုံး ဒဏ်ရာရသူများ၊ အဓမ္မဖမ်းဆီးခံရသူများ နှင့် ၎င်းတို့၏ မိသားစုများအား နိုင်ငံတော်ကိုယ်စား ဂုဏ်ပြုချီးမြှင့်မှုများ ဆောင်ရွက်မည်။

(စ) စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့သော ဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့် သည့် အစီအစဉ်များ ဆောင်ရွက်မည်။

(ဆ) CDM တွင် ပါဝင်သော ဝန်ထမ်းများ၊ အထွေထွေသပိတ်များတွင် ပါဝင်လှုပ်ရှားလျက်ရှိကြသည့် ကျောင်းသူ ကျောင်းသား လူငယ်များအား အရည်အသွေးမြှင့်တင်ခြင်း အစီအစဉ်များ ဆောင်ရွက် ပေးမည်။

**နိုင်ငံခြားရေး**

(က) နိုင်ငံခြားရေးမူဝါဒအရ ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်ကာ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရအား နိုင်ငံတကာအသိုက်အဝန်းက တရားဝင် အသိအမှတ်ပြုလာစေရေး ဆောင်ရွက်မည်။

(ခ) နိုင်ငံတကာ ဥပဒေများနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားတို့အား အကာအကွယ်ပေးနိုင်မည့် နိုင်ငံတကာစာချုပ်စာတမ်းများအား လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ရမည်။

(ဂ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်ရေးကို လိုလားသည့် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်း၍ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

(ဃ) အာဏာသိမ်းစစ်ကောင်စီအား နိုင်ငံတကာအသိုက်အဝန်းက ထိရောက်စွာ ပိတ်ဆို့အရေးယူနိုင်ရေး နှင့် နိုင်ငံတကာတရားရုံးများတွင် တရားစွဲဆိုနိုင်ရေးအတွက် သံတမန်နည်းလမ်းများဖြင့် ဆောင်ရွက်မည်။

**စီးပွားရေး**

(က) အာဏာသိမ်းစစ်ကောင်စီ၏ အကြမ်းဖက်ယန္တရားကို အထောက်အပံ့ဖြစ်စေသည့် စီးပွားရေးနှင့်ဘဏ္ဍာရေး အရင်းအမြစ်များကို ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်အတူ ပြည်သူများနှင့်ပူးပေါင်း၍ လျော့ပါးချိနဲ့ အောင် ဆောင်ရွက်မည်။

(ခ) ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ နိုင်ငံရေးရည်ရွယ်မှန်းချက်ပန်းတိုင်များကို အလျင်အမြန် ရောက်ရှိရန်ဆောင်ရွက်သော မဟာဗျူဟာလုပ်ငန်းစဉ်အတွက် လိုအပ်သော စီပွားရေးနှင့်ဘဏ္ဍာရေး လိုအပ် ချက်များကို ပြည်တွင်းပြည်ပရှိ ဖက်ဒရယ်ဒီမိုကရေစီအရေး လိုလားသူအဖွဲ့အစည်းများ လူပုဂ္ဂိုလ်များ နှင့်အတူ ပြည်သူများနှင့် ပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်မည်။

(ဂ) အာဏာသိမ်းစစ်ကောင်စီ၏ လုပ်ရပ်များကြောင့် ပြည်သူလူထုအပေါ်တွင် ဖြစ်ပေါ်လာမည့် စီးပွားရေး ဝန်ထုပ်ဝန်ပိုးများကို အကာအကွယ်ပေးနိုင်ရေးနှင့် ဖြေလျော့ပေးနိုင်ရေးတို့အတွက် လုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက်မည်။

**လူမှုရေး**

(က) အာဏာရှင်စနစ်တိုက်ဖျက်ရေးတွင် ခေတ်အဆက်ဆက် ပါဝင်လာခဲ့ပြီး၊ နိုင်ငံတကာတွင် ရွှေ့ပြောင်း နေထိုင်ရသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့အား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားလိုပါက အဆင်ပြေ ချောမွေ့စေရေး ဆောင်ရွက်ပေးရမည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်း အမြဲတမ်းနေထိုင်ခွင့်ဆိုင်ရာ အစီအမံများကိုလည်း စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) အာဏာသိမ်းစစ်ကောင်စီ၏ ဖိနှိပ်အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာရသူများ၊ လူမှုစီးပွား နှင့် ဘဝ ရပ်တည်မှု ထိခိုက်ရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များ ပေးနိုင်ရေး အတွက် ကမ္ဘာ့ကုလသမဂ္ဂ၊ နိုင်ငံတကာအကူအညီအပေးရေး အဖွဲ့အစည်းများနှင့် ပူပေါင်း ဆောင် ရွက်မည်။

(ဂ) **လက်လုပ်လက်စား အခြေခံလူတန်းစားများ၏ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် တတ်နိုင်သမျှ စီစဉ်ဆောင်ရွက်မည်။**

(ဃ) နိုင်ငံတကာသို့ ရောက်ရှိနေကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှုများအား ရယူနိုင်ရေး ဆောင်ရွက်ရမည်။

ကာကွယ်ရေး နှင့် လုံခြုံရေး

(က) ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ နှင့် ညှိနှိုင်း၍ ပြည်သူ့ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အမျိုးသား အဆင့် ကာကွယ်ရေးအစီအမံများကို ရေးဆွဲ အကောင်အထည်ဖော်ရမည်။

(ခ) ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရသည် ပြည်သူများ၏ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးမှုကို အကာ အကွယ်ပေးနိုင်ရေးအတွက် ပြည်သူ့ကာကွယ်ရေးအစီအမံကို အမြန်ဆုံး ချမှတ်ဆောင်ရွက်ရမည်။

၄။ လူမျိုးပေါင်းစုံပါဝင်သော တိုင်းပြုပြည်ပြုညီလာခံ ခေါ်ယူကျင်းပပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုပေးရမည်။

(က) ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ နှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီတို့သည် လူမျိုးပေါင်းစုံပါဝင်သော တိုင်းပြုပြည်ပြုညီလာခံ ကျင်းပရေးဆိုင်ရာ မူဝါဒ၊လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်း စဥ်များကို ချမှတ်ရမည်။

(ခ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် လူမျိုးစုံပါဝင်သော တိုင်းပြုပြည်ပြုညီလာခံ ကျင်းပရေးကော်မရှင် ဖွဲ့စည်းပေးရမည်။

(ဂ) ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရနှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီတို့သည် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ထောင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ထောင်ရေးအတွက် ရည်ရွယ်ချက်တူညီသည့် နိုင်ငံရေးပါတီများ၊ နိုင်ငံရေး အင်အားစုများနှင့် ဆွေးနွေးညှိနှိုင်းကာ၊ တိုင်းရင်းသား လူမျိုးပေါင်းစုံပါဝင်သည့် တိုင်းပြုပြည်ပြုညီလာခံတစ်ရပ် ခေါ်ယူကျင်းပ၍ ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ဆွေးနွေး အတည်ပြုပေးရမည်။

၅။ တိုင်းပြုပြည်ပြုညီလာခံက ရေးဆွဲအတည်ပြုထားသည့် ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံ အခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြု ပြဋ္ဌာန်းရမည်။

၆။ အတည်ပြု ပြဋ္ဌာန်းလိုက်သည့် ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေးမဏ္ဍိုင်များကို ဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် ကျင့်သုံး အကောင်အထည် ဖော်ရမည်။

## အခန်း (၅)
## အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီဖွဲ့စည်းပုံနှင့်တာဝန်များ

၁။ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ မဟာဗျူဟာလုပ်ငန်းစဥ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဖက်ဒရယ်ဒီမိုကရေစီအင်အားစုများနှင့် လုပ်ငန်းစဥ် အဆင့်တိုင်းတွင် တိုင်ပင်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီကို ဖွဲ့စည်းရမည်။

၂။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီကို ဤပဋိညာဉ်ပါ နိုင်ငံရေးဦးတည်ချက်များ နှင့် နိုင်ငံရေး လမ်းပြမြေပုံကို မူအားဖြင့် သဘောတူသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှု အဖွဲ့ အစည်းများ၊ CDMလှုပ်ရှားမှုအဖွဲ့များ၊ လူထုလှုပ်ရှားမှုဦးဆောင်အဖွဲ့များ၊ ကြားကာလ အမျိုးသား ညီညွတ်ရေးအစိုးရအဖွဲ့တို့မှ အမည်တင်သွင်းသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

၃။ ဒီမိုကရေစီအင်အားစုအသီးသီးအား ဤပဋိညာဉ်ပါ မဟာဗျူဟာလုပ်ငန်းစဥ်များတွင် လက်တွေ့ပူးပေါင်း ပါဝင်လာစေရန် စည်းရုံး၍ ပေါင်းစပ်ညှိနှိုင်းပေးရမည်။

၄။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီသည် ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရနှင့် ညှိနှိုင်း ပူးပေါင်း၍ လူမျိုးပေါင်းစုံပါဝင်သော တိုင်းပြုပြည်ပြုညီလာခံ ကျင်းပခြင်းဆိုင်ရာကိစ္စရပ်များ၊ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးဆိုင်ရာကိစ္စရပ်များ၊ လူထုဆန္ဒခံယူပွဲ ကျင်းပခြင်းဆိုင်ရာများ ကိစ္စရပ်များကို ပါဝင်ဆောင်ရွက်ရမည်။

## အခန်း (၆)
## ကြားကာလတရားစီရင်ရေး

၁။ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရနှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီတို့ ပူးပေါင်းညှိနှိုင်း၍ ကြားကာလတရားစီရင်ရေးဆိုင်ရာ မူဝါဒနှင့်စီမံချက်များ ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

## အခန်း (၇)
## အထွေထွေပြဋ္ဌာန်းချက်များ (General Provisions)

၁။ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရသည် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကိုသော်လည်းကောင်း၊ ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို သော်လည်းကောင်း အတည်ပြု ပြဋ္ဌာန်းခြင်း မပြုမီအချိန်ထိ ဤဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်နှင့်အညီ ဆောင်ရွက်ရမည်။

၂။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ အာဏာသိမ်းစစ်ကောင်စီ (နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီ) က ထုတ်ပြန်ခဲ့သော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်များ အားလုံးသည် တရားဝင်ခြင်း မရှိကြောင်း ကြေညာရမည်။

၃။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက ထုတ်ပြန်ခဲ့သည် ဥပဒေ၊ အမိန့် ၊ညွှန်ကြားချက်နှင့် လက်စွဲများသည် ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ **၏ တင်ပြချက်အရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက** ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း မရှိသည့် အချိန်ထိ အတည်ဖြစ်သည်။

၄။ ဤပဋိညာဉ်ပါ ဦးတည်ချက်၊ မဟာဗျူဟာလုပ်ငန်းစဉ်များ နှင့် အညီ ဆောင်ရွက်နေချိန်တွင် နိုင်ငံရေး အပြောင်းအလဲများ ဖြစ်ပေါ်လာသောကြောင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို ထပ်မံချမှတ် ဖော်ဆောင်ရန် လိုအပ်လာပါက ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၊ ကြားကာလ အမျိုးသားညီညွတ်ရေး အစိုးရ နှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီတို့ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၈)
## ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ကတိပြုချက်များ

ကြားကာလ အစိုးရ၏ လုပ်ဆောင်ချက်များသည်လည်းကောင်း၊ ကြားကာလတွင် ကျင့်သုံးဆောင်ရွက်သည့် ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များသည်လည်းကောင်း၊ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များသည်လည်းကောင်း ဤပဋိညာဉ် အစိတ်အပိုင်း(၁)ပါ ပြည်ထောင်စုမျှော်ရည်ချက်၊ စံတန်ဖိုး၊ ဦးတည်ချက်၊ ရည်ရွယ်ချက်နှင့် နိုင်ငံရေး လမ်းပြမြေပုံများအတိုင်း စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ခံမှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

ဤပဋိညာဉ် အစိတ်အပိုင်း (၂) ပါ ကြားကာလအစိုးရက တာဝန်ယူဆောင်ရွက်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် ဖက်ဒရယ်ပြည်ထောင်စု နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကိုသာ ဦးတည်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုအပ်ပါသည်။

**အတိုကောက်စကားလုံးများ**

ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ = Inerim National Unity Government (NUG)
အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ = National Unity Consultative Council (NUCC)
ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် = Constitutionalism